၂၀၁၆ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ　　　　　　　　　　　　　　　　　　　　　　　　　　　ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
မင်စာ ၊ အ ပြောင်းလဲပုံ ၊ ကရိဏ်း ၊ နာမ်စား(၄)မျိုး ၊ လိင် ။

(ခ) အောက်ပါတို့မှ လေးခု ကို ရွေးချယ်၍ အနက်အဓိပ္ပာယ်အရမည်သည့်နာမဝိသေသန ဖြစ်ကြောင်း ဖော်ပြပါ။ (၄မှတ်)
အားလုံး၊ မည်မျှ၊ သုံးခု၊ ယင်း၊ နီသော၊ (၁၀)နှစ်မြောက်။

(ဂ) အောက်ပါတို့မှ သုံးခုကို ကြိယာထောက်ပစ္စည်းအဖြစ် ဝါကျတွင် သုံးပြပါ။ (၆မှတ်)
ကြည့်၊ ပေး၊ နိုင်၊ ထား၊ မိ။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ထောပေး၊ နိဝါတ၊ ပွတ်စူးဘုရား၊ ချရား၊ စတေး၊ ကန္တာရ၊ စရိယ၊ ဝေဝုစ်။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခုကို ဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
မိုက်ရူးရဲ၊ ထိုးကွင်း၊ တရားချ၊ နောင်တ၊ အန်တု၊ ပွဲတိုင်းကျော်၊ ဒလဟော၊ ရောင့်ရဲ။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့ သုံးထားကြောင်းနှင့် အဘယ့်ကြောင့် ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
ကျွဲခတ်သည့်ဟန်(ဥပမာ)၊ ကျတ်တွင်းရေသို့(ဥပမာ)၊ ဂုဏ်နံ့(ရူပက)၊
ယောင်ထန်းစေ့မှတ်(ရူပက)၊ ဗာရာမင့်လည်ဆွဲ(ဝဏ္ဏဂုတ္တိ)၊ ယုဂန်ပိုင်(ဝဏ္ဏဂုတ္တိ)၊
ကြိုးခွေ(မြည်သံစွဲ)၊ ငါးစီးဆင်ပြောင့် အားပေကို(အတိသယဝုတ္တိ)။

၃။ (က) အောက်ပါတို့မှ ငါးခုကို ဖြေပါ။ (၅မှတ်)
(၁) ပြာသိုလ မြင်းခင်းသဘင်တွင် မည်သည့်ပြိုင်ပွဲများ ပြုလုပ်သနည်း။
(၂) ကိုးခန်းပျို့ဟု အဘယ့်ကြောင့်ခေါ်သနည်း။
(၃) အိုင်ချင်းတွင် မည်သည့်စကားဖြင့် အစချီလေ့ရှိသနည်း။
(၄) လေးချိုးသဖြန်ဟု အဘယ့်ကြောင့်ခေါ်သနည်း။
(၅) ဖိုးသူတော်ဦးမင်း၏ ဖွားသက္ကရာဇ်ကို ဖော်ပြပါ။
(၆) ဖော်ဂျီသည် မည်သည့်စာပေလှုပ်ရှားမှုကို ဦးဆောင်သူဖြစ်သနည်း။
(၇) ငွေတာရီသည် ကဗျာပုဒ်ရေ မည်မျှရေးဖွဲ့ခဲ့သနည်း။
(၈) ထီလာစစ်သူ၏ အမည်ရင်းကို ဖော်ပြပါ။

(ခ) အကျွန်ုပ်တို့လယ်ကောက်စိုက်တုန်းက ဟန်ချင်းမှ အောင်ပင်လယ်ရွာသူ ကောက်စိုက်သမလေးများ၏ ဘဝနှင့်စရိုက်ကို ဖော်ထုတ်တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

အချုပ်တန်းဆရာဖေသည် မန္တလေးဆောင်း၏ ချမ်းပုံကို မည်သို့သရုပ်ဖော်ဖွဲ့ဆို ထားသနည်း။

[ တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) သိဃ်သူ့သမီး ကျောင်းဆောက်သောနှစ်ကို ဖော်ပြပါ။

(၂) နရသီဟပတေ့မင်းကို မည်သို့ခေါ်သေးသနည်း။

(၃) ဗညားဒလသည် မည်သည့်အရပ်တွင် ကံကုန်သနည်း။

(၄) ဦးကုလား၏ ဇာတိမြို့အမည်ကို ဖော်ပြပါ။

(၅) တက္ကသိုလ်မောင်သန့်စင်၏ အမည်ရင်းကို ဖော်ပြပါ။

(၆) သိပ္ပံမောင်ဝသည် မည်သည့်တက္ကသိုလ်သို့ ပညာတော်သင်စေလွှတ်ခြင်းခံရသနည်း။

(၇) ဦးဖေမောင်တင်သည် ရန်ကုန်တက္ကသိုလ်တွင် မည်သည့်ဘာသာရပ်ပါမောက္ခ ဖြစ်ခဲ့သနည်း။

(၈) ရွှေဥဒေါင်း၏ ပထမဆုံးဝတ္ထုအမည်ကို ဖော်ပြပါ။

(ခ) အမျိုးသားနေ့စကားပြေအရ အမျိုးသားနေ့ပေါ်ပေါက်လာပုံနှင့် အရေးပါပုံကို ပြည့်စုံစွာ တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

မိခင်သောကစကားပြေမှ မင်းဘူးဦးသြဘာသ၏ အရေးအသားစွမ်းရည်ကို လေ့လာတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"သည်ပစ္စည်းတွေ၊ လေးရွေးငွေကြောင့်၊ စိတ်သေလက်ချ၊ မအိပ်ရနိုင်ဘူး၊ ညမှုညလူ၊ သူခိုးများ ပူလွန်းလို့၊ ကိုယ်ထူကိုယ်ထ၊ ကင်းဝတ်လှည့်၍ စောင့်ခဲ့ရ၊ ကာလမနည်းကြာပါပြီ"

(ခ) ရေသည်မိန်းမ၏ စိတ်ထား (သို့မဟုတ်) စာဆိုဦးပုည၏ ဟာသရသမြောက် အရေးအဖွဲ့များကို တင်ပြပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခုကို ပေးထားသော ပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) **လှပသာယာ ပြည်မြန်မာ**
မြန်မာနိုင်ငံသည် သဘာဝအလှတရားများဖြင့် ပြည့်စုံနေပုံ၊ သယံဇာတပစ္စည်းများ ပေါကြွယ်ဝပုံ၊ တိုင်းရင်းသားလူမျိုးများမှီတင်းနေထိုင်ပုံ၊ ရိုးရာဓလေ့ထုံးတမ်းအလိုက် ကျင်းပသော ပွဲတော်များဖြင့် စည်ကားသာယာပုံ ။

(ခ) **လူငယ်နှင့်စည်းကမ်း**
စည်းကမ်းဟူသည်၊ စည်းကမ်းရှိခြင်း၏အကျိုးနှင့်စည်းကမ်းမဲ့ခြင်း၏အပြစ်၊ လူငယ်တို့၏ဘဝ အောင်မြင်မှုအတွက် စည်းကမ်း၏အရေးပါပုံ။

(ဂ) **ကျောင်းဖွင့်ချိန်**
ကျောင်းများဖွင့်လှစ်ရှိသောအချိန်၊ ကျောင်းဖွင့်ချိန်မြင်ကွင်း၊ ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ မိဘများ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ခံစားချက်များနှင့် ရည်မှန်းချက်များ။

---